
ဒုတိယလူရဲ့
နောက်ဆုံးအချစ်

**ကိုယ့်အချစ် (တဂိုး)**

ချုပ်တည်းခြင်း မရှိသော အချစ်ကို ငါမလို

ခွက်ကို ကွဲအက်စေ၍ ...

ယိုစီး ဖိတ်အန်ကျသော အသူရာရည်နှင့် တူသော

အချစ်မျိုးကို ငါမလို...

ရေငတ်လျက်ရှိသော မြေကြီးကို ကောင်းချီးပေး၍

ရေအိုးတို့ ကို ပြည့်စေသည် ။

မိုးစက်ပေါက်များကဲ့သို့ ကြည်လင်အေးမြသော

သင့်အချစ်မျိုးကို ငါလို၏။

ဘဝ၏ ဗဟိုချက်မကို စိုစွတ်စေပြီးနောက်

မမြင်ရသော သစ်ရည်ကဲ့သို့

ဘဝ သစ်ပင်၏ သစ်ကိုင်းများ ထဲသို့ ပျံ့နှံ့ကာ...

အသီးအပွင့်များကို ဖြစ်စေသည့်

အချစ်မျိုးကို ငါလို၏။

ငြိမ်းချမ်းမှု၏ ပြည့်စုံခြင်းဖြင့်

နှလုံးသားကို ငြိမ်သက်စေသော အချစ်မျိုးကို ငါလို၏။

*****

# အခန်း(၁)
## အမြဲပဲ ဒုတိယလူ

ချုပ်တည်းခြင်း မရှိသော အချစ်ကို ငါမလို

ခွက်ကို ကွဲအက်စေ၍ ...

ယိုစီး ဖိတ်အန်ကျသော အသူရာရည်နှင့် တူသော

အချစ်မျိုးကို ငါမလို...

***

"အထီးပဲကျန်ကျန် အမပဲကျန်ကျန် တကယ့်ကိုမှ ကိုယ်တစ်ယောက်တည်း"

မကျေမနပ်နှင့် နှုတ်ဖျားမှ တတွတ်တွတ် ရွတ်ရင်းက မြင်းစောင်းရှိ

ရာ ကုန်းလေးပေါ် တက်လာခဲ့သည် ။

သင်းပျံ့သော ရာဘာပန်း ရနံ့လေးများက လေအဟေ့မှာ ကလူကျီစယ်ရင်းက လွန်ခဲ့သော အနှစ်သုံးဆယ်ခန့် ကာလလေးကို သတိရမိသည် ။

သူ... ဆယ့်ငါးနှစ်အရွယ်က...

ဤကဲ့သို့ မြင်းကုန်းပေါ်သို့ အတက်အဆင်း ပြုလုပ်ရင်း ရာဘာပန်းရနံ့များကို ရှူရှိုက်ရင်း နှင့် မြင်းစာများကို ထမ်းပိုး သယ်ဆောင်ပေးရင်းက မြင်းထိန်းဘဝမှာ ပျော်ရွှင် ကျေနပ်ခဲ့သည် ။ ယခုကဲ့သို့ သူဌေးကြီးတစ်ဦး ဖြစ်လာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။ အိပ်မက်ပင် မမက်လိုက်မိပေ။

အခုလိုဘဝ ရောက်လာလိမ့်မယ်လို့ ဘယ်သူကြိုသိမှာ လဲ။

အရင်ကတော့ လွတ်လပ် ပျော်ရွှင်ခဲ့တာ အပူအပင် မရှိ။ ဖြူစင်သော စိတ်ကလေးဖြင့်သာ။

အခုတော့... ချမ်းသာကြွယ်ဝပြီး လက်ညှိုးညွှန်ရာ ရေဖြစ်နေသည့် ဘဝသို့ပင် ရောက်ရှိနေပြီ ဖြစ်သော်လည်း ငယ်စဉ်ကကဲ့သို့ မြင်းစာထမ်းရင်း ပျော်ရွှင်ခဲ့သည် များကို ပြန်တမ်းတနေမိ၏။

"ကိုယ်တစ်ယောက်တည်း အထီးကျန်ဖြစ်အောင် အမေကမွေးပြီး ဘာလို့ ဒီရာဘာ တောထဲမှာ လာစွန့်ပစ် ထားတာလဲ"

ရာဘာတောထဲက ကလေးတစ်ဦးကို ခြံစောင့် မြင်းထိန်း အဘိုးကြီးက ကြင်နာစွာနဲ့ ဘာလို့ မွေးစားခဲ့တာလဲ။

အဘိုးကြီး အသက်ခုနစ်ဆယ်အရွယ် အလုပ်မလုပ်နိုင်တော့ သူ့ကို ဒီမြင်းစောင်းမှာ လုပ်ဖို့ ခေါ်လာခါစက သူ့ကိုယ်ပိုင် မြင်းတဲလေးလို ဘာ

လို့ သိပ်ပျော်ရွှင် နေခဲ့ရတာလဲ။ မြင်းတဲမှာ နှစ်နှစ်နီးပါး လုပ်ခဲ့ပြီး သူဌေးလင်မယားက မွေးစားခဲ့လို့ ရွှေပင်နားခဲ့ပြီး ရွှေကျေးဖြစ်ရတာ ဘာများ ဆန်းလို့ လဲ။

ဆန်းတာက သူ့ရဲ့ ကံကြမ္မာ။

အထီးကျန်နေရမဲ့ ကံဇာတာများ ပါ လာလေရော့လား မသိ။

"ဟာ... သူဌေး"

ရုတ်တရက် အိပ်ငိုက်နေသော မြင်းထိန်းအသစ် ဦးလှမောင်ကို လက်နှင့် ကုတ်ကာ နှိုးလိုက်သဖြင့် အလန့်တကြား နိုး လာပြီး အော်လိုက်၏။

"ဘယ်မှာ လဲ ငါ့မြင်းမ"

"ဟို... အထဲမှာ ပါ ဆရာ။ မွေးပါတော့မယ်"

"ဆရာဝန် ရောက်ပြီလား"

"မရောက်သေးပါဘူး ဆရာ"

ဦးလှမောင်က အသက် ငါးဆယ်အရွယ် ဖြစ်ပြီး မြင်းခြောက်ကောင်အား စောင့်ထိန်းနေသော မြင်းထိန်း အသစ်ပင် ဖြစ်၏။ ဦးလှမောင်၏ သား လုပ်နေရသော အလုပ်ကို အဖေက ကိုယ်တိုင် ဝင်လုပ် နေရသဖြင့် မကျွမ်းကျင်ဘဲ အယောင်ယောင် အမှားမှား ဖြစ်ခဲ့သည် မှာ လေးငါးလ ဖြင့် ကျွမ်းကျင်မှု မရသေးပေ။ ဦးလှမောင်ကပဲ စိတ်မဝင်စားတာလား၊ အလုပ်ကပဲ ခက်နေတာလား။

"မြင်းစောင်းက ညစ်ပတ်နေတာပဲ ဦးလှမောင်၊ ခင်ဗျား သန့်ရှင်းရေး မလုပ်ဘူးလား"

"လုပ်ပါတယ် ဆရာ။ အခု နီမ မွေးခါနီးမို့ သူ့ကို ထိန်းထိန်း နေရလို့ပါ"

"ခင်ဗျား မျက်စိကို အိပ်မငိုက်အောင် ထိန်းနိုင်ရင်တော့ ဒီမြင်းစောင်း တစ်ခုလုံး သန့်ရှင်းမယ် ထင်တာပဲ။ ခင်ဗျားသား မောင်ဦးနဲ့ များ ကွာပ့ါဗျာ၊ ဒီကောင် ဘယ်ထွက်သွားလဲ မသိဘူး"

ပါးစပ်မှ တဖျစ်တောက်တောက် ပြောရင်း သူချစ်မြတ်နိုးသော မြင်းမကြီး မိနီ၏ မွေးဖွားမည့် နေရာကို ကြည့်လိုက်ရာ မသက်မသာနှင့် သက်ပြင်းချမိ၏။

"သူမွေးပြီးရင် တစ်ခါတည်း သန့်ရှင်းရေး လုပ်မလို့ ပါ"

ကောက်ရိုးများ ဖြင့် ရှုပ်ပွလျက် ရှိနေပြီး မိနီမှာ ဗိုက်နာလွန်း၍ လူးလိမ့်ထားသဖြင့် မိနီ၏ ခန္ဓာကိုယ်မှာ လည်း ကောက်ရိုးများ ဖြင့် လူးနေလေသည် ။

မိနီက သူ့အသံ ကြားသောအခါ မျက်လုံးများ မှေးစင်းကာ ဖွင့်ကြည့်ပြီး နှုတ်မှ ညည်းညူ လိုက်၏။

သူ ရင်ထိတ်သွားသည် ။

"ဟာ… ဗိုက်နာနေတာ ကြာပြီလား"

"မနေ့က စနာသလား မသိဘူး"

"ဟာ… သွားသွား ဆရာဝန်ကို ပြေးခေါ် မြန်မြန်ခေါ်လာခဲ့။ အဲဒီလောက်ကြာလို့ ဖြစ်မလား။ သွား… သွား အပါကို ခေါ်လာခဲ့"

သူ့ရင်ထဲ ပူလောင်သွားပြီး ဦးလှမောင်ကို အတင်း နှင်ထုတ်လိုက်၏ ။

မြင်းမကြီး မိနီမှာ မမွေးနိုင်ဘဲ ကြာရှည်စွာ ဗိုက်နာ နေသဖြင့် ပင်ပန်း နွမ်းနယ်လျက် ရှိသည် ။

သူ ဆူပူကာ လောဆော် လိုက်သဖြင့် ဦးလှမောင်သည် သူ့၏ ခန္ဓာကိုယ် ဝဝပုပုအား ယူကာဖြင့် မြင်းစောင်းအောက်သို့ တလိမ့်လိမ့်နှင့် ဆင်းသွားလေပြီ။

သူက လေးတွဲ့စွာ ခေါင်းကို ခါယမ်းလိုက်၏။ ထို့နောက် မြင်းမကြီး မိနီနား သွားသောအခါ မိနီက သခင်အား ညည်းညူသံ ပြုရင်း နှုတ်ဆက်ရှာသည် ။ သူ့တစ်ကိုယ်လုံး ကောက်ရိုးများ ဖြင့် လူးနေသည်ကို တယုတယနှင့် ဖယ်ရှား ပေးလိုက်ရင်းက ဝမ်းဗိုက်ကို ညင်သာစွာ ပွတ်သပ် ပေးရင်းက...

"သမီးမိနီရာ... ငါလည်း ဝေဒနာတွေ ရင်ထဲမှာ အပြည့်နဲ့ မို့ သမီးကို မေ့ထားလိုက်တယ်။ စိတ်မပူပါနဲ့ သမီးရယ်... ဆရာဝန် လာခါနီးနေပါပြီ။ ဖေကြီး ဘုရားစာ ဆိုပေးမယ်နော်။ မြန်မြန် မွေးရလွယ်အောင် အင်္ဂုလိမာလသုတ် ရွတ်ပေးမယ်နော်"

သူ၏ မွေးစားဖခင်ကြီး အစဉ်အမြဲ ရွတ်ဆိုပေးနေကျ သူကိုယ်တိုင် မြင်းထိန်းဘဝမှာ ကတည်းက ရွတ်ပေးနေကျပင် ဖြစ်သည် ။

ဝမ်းဗိုက်ကို ပွတ်သပ်၍ ရွတ်ပေးနေစဉ် သူ၏ နှာခေါင်းထဲတွင် မြင်းချေးနံ့၊ သေးနံ့များ ဖြင့် လှိုင်နေသော မြင်းတဲကို မကြည့်မိအောင် မျက်လုံး မှိတ်ထားလိုက်သည် ။

သန့်ရှင်းမှု မရှိလျှင် မကြာမီ ရောဂါ ဝင်လာတော့မည်။ သူလည်း အသက် သုံးဆယ်ကျော်မှ နလုံးသားကိုစွဖြင့် ပူလောင် တင်းကျပ်ပြီး စိတ်လေလေနှင့် ထွက်ပေါက်ရှာကာ ခရီးထွက်သွားသည့် တစ်ပတ်လုံးလုံး မြင်းစောင်းကို မရောက်ခဲ့သည် မှာ စိတ်သောက ဖြစ်နေသည် နှင့် တစ်

လနီးပါး ရှိခဲ့ပြီ။

မနက်ကမှ မိနီ မမွေးနိုင်ကြောင်း အကြောင်းကြား လာသဖြင့် ဆရာဝန် ခေါ်ခိုင်းပြီး ထွက်လာ လိုက်သည် ။

မြင်းထိန်းဘဝမှာ နေ လာပြီး သူဌေးသားဘဝ ရောက်လာတော့လည်း မြင်းများကို ဆက်၍ ဂရုစိုက်လာခဲ့သည် ။

မွေးစားမိဘ ဘိုးဘွားပိုင် ရာဘာ စိုက်ခင်းထဲသို့ ရောက်ချင်မှ ရောက်မည်။ မြင်းစောင်း ကိုတော့ နေ့တိုင်းရောက်ပြီး သူ့မြင်းများ နှင့် စကားပြောတတ်သလို အညောင်းပြေ မြင်းစီးရင်း ထိန်းကျောင်း ပေးတတ်၏။

ယခုလပိုင်းမှ လက်ထပ်မည့် ဆဲဆဲ မိန်းကလေး တစ်ယောက်ကြောင့် မြင်းစောင်းထဲ မရောက် ဖြစ်ခဲ့ပေ။

"ဆရာ... ဆရာဝန် ရောက်လာပါပြီ"

"ဩော်... အင်း... တော်ပါသေးရဲ့ ။ အလို... ခင်ဗျား ဘာဖြစ်တာလဲ ဦးလှမောင်"

"ဟဲ... ချော်လဲသွားတာ"

"ဘာဖြစ်သွားသေးလဲ"

"လက်... လက်ပွန်းပဲ့ သွားတာပါ၊ ရ... ရပါတယ် ဟဲ..."

ဦးလှမောင်က ရယ်ရယ်မောမောနှင့် သူ့အပြစ် မဖြစ်အောင် ကာကွယ်လိုက်သည် ။

ဆရာဝန်က မြင်း၏ အခြေအနေကို ကြည့်ပြီး...

"ဗိုက်ခွဲရမယ်ဗျာ မြင်းမကြီး သိပ်အားနည်း နေပြီပဲ။ ကဲ... ဦးလှမော

င် ရေနွေးရှိလား"

"မ… မရှိပါဘူး"

"တည်ဗျာ… နည်းနည်း အရင်တည်။ ကိုမင်းထက်ပဲ ကျွန်တော့်ကို ကူညီပေးပါဗျာ"

"ရပါတယ်… ရပါတယ် လိုအပ်တာ ခိုင်းပါ"

ဆရာဝန်ကလည်း မိဘအစဉ်အဆက်က ဆရာဝန်မို့ သူနှင့် ရင်းနှီးပြီးသား ဖြစ်သည် ။

ဆရာဝန်၏ အမူအရာက အရေးကြီးနေသလို သူကလည်း စိုးရိမ်ရမည့် အခြေအနေမှန်း ရိပ်မိလိုက်သည် ။ သို့ရာတွင် လွန်ခဲ့သော လေးလကပင် မြင်းတဲရောက်လာသည့် တိုင်အောင် အလုပ်ကို တာဝန်ကျေရုံသာ လုပ်ခဲ့သဖြင့် ပျင်းရိနေသော ဦးလှမောင်က လေးလေးနှေးနှေးပင်။

"ဦးလှမောင် ခင်ဗျားရဲ့ ကောင်လေးရော"

"ဟင်းချက်စရာ သွားဝယ်ခိုင်းတယ်။ ဒီကောင် ပေါ်မလာတော့ဘူး"

"ခင်ဗျားဗျာ… ဒီလောက် အရေးကြီးနေမှ ကဲ… လုပ်ဗျာ မြန်မြန်"

သူ့ထက်ကြီးသော အလုပ်သမား အိုကြီးကို စိတ်မရှည်စွာ အပြစ်တင်ရင်း မြင်းထိန်းတစ်ဦး ကိုတော့ မြန်မြန်ရှာဖွေမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်မိသည် ။

"ခင်ဗျား လူကတော့ သိပ်ဟန်မယ် မထင်ဘူး။ ကျုပ်ရဲ့ ပစ္စည်းတွေက ပိုးသတ်ထားပါတယ် ဗျာ။ အရက်ပြန်ပဲ အားကိုးပြီး မေ့ဆေး အရင်ပေးကြတာပေ့ါ"

"ရပါတယ်… စလိုက်ပါ"

နံနက် ကိုးနာရီခွဲတွင် အချစ်တော် မြင်းမကြီး မွေးဖွားရန် အတွက် စတင် ခွဲစိတ်ခြင်း ပြုလုပ် လေပြီ။

သူ... မင်းထက်စွမ်း ဆိုသော လူတစ်ယောက်ရဲ့ ရင်ထဲမှာ မွေးဖွားသော မြင်းမကြီး၏ ဝမ်းဗိုက်မှာ မြင်းကလေး ဖြစ်ဖို့ ထက် လူသား ကလေးတစ်ဦးသာ ဖြစ်စေချင်သည် ။ လူသားဖြစ်ပါစေ ဟု ဆုတောင်းမိလိုက်၏။

သို့ရာတွင် ... မြင်းလေးသာ မွေးခဲ့သည် ။

အဖြူရောင် အထီးလေး။

"ဟ... ဒီမြင်းစောင်း တစ်ခုလုံး အညိုတွေ ချည်းပဲဟာ၊ ဘာလို့ ဖြူရတာလဲ ချစ်စရာလေး"

သူက မြင်းလေးကိုသာ တယုတယ အာရုံစိုက်နေစဉ် ဆရာဝန်က ဗိုက်ကို ပြန်မချုပ်မီ မြင်းမကြီး၏ အခြေအနေကို ကြည့်ကာ သိပ်အားမရသဖြင့်...

"ကိုမင်းထက် မိနီကို အောက်ဆီဂျင် ပေးရအောင် ခင်ဗျားအိမ်မှာ အရေးပေါ်ဘူး ရှိလား။ ပြေးယူ ပေးပါလားဗျာ"

"ဟာ... ရပါတယ်"

ဦးလှမောင်အား ခိုင်းမနေတော့ဘဲ သူ အပြေးတစ်ပိုင်း ထွက်လာခဲ့သည် ။

သူ အောက်ဆီဂျင်ဘူး မလာမီ မြင်းမကြီး ဆုံးသွားရှာလေပြီ။

***

"မွေးပြီ… မွေးပြီ သားလေး… သားလေး"

နားထဲတွင် ဆူပွက်ညံလျက်ရှိသော အသံများကြောင့် သူမက စိတ်ပေ့ါပါးစွာ ပြုံးလိုက်မိသည် ။

သားလေး ဖြစ်ပါစေတော့ဟု ဆုတောင်း လိုက်ရတာ အကြိမ်ကြိမ် အခါခါပင်။

အခုတော့ သူ့ဆုတောင်း ပြည့်လေပြီ။

"နှမ်းထုပ် ရှူထားနော်"

နှာခေါင်းဝမှာ အနံ့စူးစူး အရာကို လာထား လိုက်သည် မို့ လှမ်းယူကာ လက်သည် စိတ်တိုင်းကျ ငြိမ်ကာ မှိန်း၍ ရှူလိုက်၏။

"အချင်းစလွယ်နဲ့ ကွယ် ဒီကလေးတော့ ချမ်းသာဦးမှာ ပဲ"

ရင်ထဲ စူးနစ်သွား၏။

ချမ်းသာဖို့ နေနေသာသာ ဖခင်ရဲ့ စွန့်ပစ်မှုကို ခံနေရတဲ့ အဖမဲ့သားလေး…

ဒီကလေးကို မိမိတစ်ယောက်တည်း စွမ်းအင်နဲ့ ဘယ်လို ကျွေးမွေးရပါ့။

အူဝဲ အူဝဲ… ဟု အော်ကာ အသံပေးပြီး မိမိဘဝထဲသို့ ရောက်လာသော ကလေးငယ်၏ ငိုကြွေးသံသည် သူမ၏ ယိုင်လုဆဲဆဲ အားမာန်များ ခေါင်းမတ်ထူလာခဲ့၏။

"အို… ငါ့ခြေ၊ ငါ့လက် အကောင်းကြီး ရှိသေးတာပဲ ငါရအောင် ကျွေးမယ်။ ဖြစ်အောင်ကို ရှာကျွေးမယ်"

***

အဖြူရောင်မြင်းမို့ ဖြူဖွေးဟု ခေါ်ကြသည် ။ ဖြူဖွေး၏ မိခင် မိနီမှာ သေဆုံးသွားခဲ့ပြီး အလွန် ကံကောင်းသော ဖြူဖွေးမှာ သားကျထားတာ တစ်ပတ်ကြာပြီ ဖြစ်သော မြင်းမကြီးထံမှ နို့ကိုစို့ရင်း အသက်ရှင် လာလေသည် ။

"နှစ်ကောင်ရဲ့ စို့အားမှာ အရင်မွေးတဲ့ ကောင်က စို့အား ကောင်းနေတယ်။ မြင်းမကြီးက နို့ချတဲ့ အချိန်မှာ အကြီးကောင်ကို နည်းနည်း စို့ပြီးတာနဲ့ အငယ်ကောင်ကို တိုက်ရမယ်။ ဒါမှ အငယ်ကောင် နည်းနည်း ကျန်းမာလာမှာ ။ မျှတိုက်ပေါ့လေ"

နံနက် ည မြင်းနို့တိုက်သည့် နေရာမှာ ပင် သူကိုယ်တိုင် ပါဝင်နေရ၏။

မပါလို့ လည်း မဖြစ်။ ရှားရှားပါးပါး မြင်းဖြူလေးကို အတိမ်းအစောင်း မခံနိုင်။

ဒါကြောင့် လည်း သူ၏ လေလွင့်နေသော စိတ်တို့ ကို မြင်းဖြူဖွေးထံမှာ စုစည်း အာရုံ စိုက်လိုက်၏။

နံနက်စောစော မြင်းဖြူလေးနှင့် အတူတူ ရှိနေပြီး နေ့လယ်ချိန်၌ ခြံထဲဆင်း၍ ရာဘာ လုပ်ငန်းများကို ပြန်လည် ကြီးကြပ်လိုက်သည် ။

ညအချိန်တွင် မြင်းဖြူလေးနား ပြန်ရောက် လာပြီး ဂရုတစိုက်နှင့် အားဆေးတိုက်၏။

"အင်း… ဖြူဖွေးအတွက် သီးသန့် အထိန်း တစ်ယောက်ကို ရှာမှ ပဲ။ ဦးလှမောင်ကိုတော့ လဲပစ် ရမယ်။ သူ့ဂရုစိုက်တာ ညံ့လို့ တစ်ခါမှ မဖြစ် ဖူးတဲ့ အဖြစ် ကြုံရတယ်ကွာ။ ဒီကောင်မောင်ဦး ဘယ်ပျောက် သွားပါလိမ့်။ သူရှိရင် သိပ်ကောင်းမှာ ပဲ"

သူ၏ စိတ်ထဲတွင် အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း ရုပ်ချောချော မြင်းထိန်း မောင်ဦးကို မြင်ယောင် တမ်းတမိသည် ။

မောင်ဦးက ဂျင်းဘောင်းဘီနှင့် ဂျင်းဂျာကင်နှင့် ကောင်ဘွိုင်ဦးထုပ်ကို ဆောင်းပြီး မြင်းစီး သွားလျှင် မြင်သူငေးရ လောက်အောင် ဂိုက်ကောင်းသူပင် ဖြစ်၏။

"ဒီကောင် မိန်းမယူသွားပြီလား။ သူ့ကောင်မလေးကိုတောင် မတွေ့ဖူးဘူး။ မိန်းမယူချင်ရင် ငါပေးစားမှာ ပေါ့ မောင်ဦးရာ"

နံနက်စောစော မြင်းစောင်းမှ ထွက် လာပြီး ရာဘာခြံထဲသို့ ရောက်လာခဲ့၏။

မောင်ဦး၏ အဖေ ဦးလှမောင်ကို ရာဘာခြံထဲမှာ ပြန်ထားပြီး သွက်လက်သော လူတစ်ဦးအား မြင်းထိန်းရန် ခန့်ရဦးမည်။ ပြီးတော့ မြင်းဖြူလေးအတွက် ကျန်းမာရေး ဂရုစိုက်ပေးရန် လူတစ်ဦး လိုအပ်နေသည် ။

မြင်းလေးက တစ်လသား ရှိပြီဖြစ်သော်လည်း ခန္ဓာကိုယ်မှာ ပိန်လှီနေဆဲပင်။

"ဆရာကြီး ကိုမြင့်မောင်က အရင်တုန်းက မြင်းလှည်း မောင်းဖူးတယ်။ မြင်းအကြောင်း နားလည်တယ် သူ့ကိုပဲ ခေါ်ပါလား"

"ဟေ… ဘယ်မှာ လဲ"

ခြံမန်နေဂျာက ပြောလိုက်သဖြင့် မြင်းထိန်းတစ်ဦး ရလေပြီ။

ဦးလှမောင်က နေ့စားအဆင့်၊ ရာဘာပုံး သယ်ရသော အဆင့်သို့ပင် ပြန်ရောက်တော့မည်။

"ဒါဆိုရင် ဦးလှမောင် အလုပ်လုပ်ရပြီပဲ။ ရာဘာပုံး အရေအတွက်လိုက် ငွေရှင်းပေးရတာ ဆိုတော့ သူ အလုပ်မလုပ်ရင် ငွေမရဘူးပေါ့ကွာ။ ဒီလူ သူ့သား မောင်ဦးလိုများ တော်မလားလို့ ခန့်ထားတာ။ ဘာမှ အဆင်မပြေဘူး ပျင်းလိုက်တာ လွန်ရောပဲ"

"အစကတော့ အလုပ်လုပ်ပါတယ်။ သူ့သားသမီးတွေ ကြီးလာတော့ သားသမီးတွေ အားကိုးနဲ့ ပျင်းသွားတာပေါ့။ မောင်ဦးက မိန်းမရသွား သလိုလို ကြားတယ်"

"ဟေ... ဟုတ်လား ဒီရာဘာခြံထဲက ကောင်မလေးနဲ့ ပဲလား"

" မဟုတ်ဘူး ဘယ်ရွာကလဲ မသိဘူး။ မိန်းမယူမလို့ ပျောက်သွားတာပဲ။ မောင်ဦးက အလုပ် ကောင်းသလို မိန်းမပိုးလည်း ကောင်းတယ်။ သူ့ကိုကြိုက်တဲ့ ကောင်မလေးတွေကလည်း အများကြီးပဲ"

မန်နေဂျာနှင့် ရယ်မောကာ စကားပြောရင်းက သူ့ရင်ထဲမှာ မောင်ဦးကို အတော်ကလေး သတိရနေမိသည် ။

"မောင်ဦးကို တွေ့ရင် ပြောစမ်းကွာ၊ ခြံထဲမှာ အလုပ်လာလုပ်ပါလို့ ။ မိသားစု အတွက်ကိုပါ ငါ စီစဉ် ပေးပါ့မယ်လို့ "

သူ့အား မညှာမတာ စွန့်ပြေးသွားသော တပည့်လက်သား အပေါ်မှာ သံယောဇဉ်ကြီးစွာ ခေါ်လိုက် သဖြင့် မန်နေဂျာက အနည်းငယ် အံ့အား သင့်ပြီး...

"ဟုတ်ကဲ့... တွေ့ရင် ခေါ်လိုက်ပါ့မယ် ခင်ဗျာ"

မန်နေဂျာက သူ့ခြံထဲတွင် အလုပ် လုပ်နေသည် မှာ လေးငါးနှစ် ရှိပြီ

မို့ သူ့အကြောင်းနှင့် ခြံအလုပ်သမားများ ၏ အကြောင်းကို ကောင်း ကောင်း သိနေလေပြီ ဖြစ်သည် ။

"ဟဲ့ကောင်မလေး.., နင်က မြက်နှုတ်နေတာကိုများ ယိုးဒယားက နေတယ် မှတ်လို့ လား။ လုပ် မြန်မြန် ဟိုမှာ သူဌေးလာနေတာ နင့်ကို အလုပ်ဖြုတ်ပစ် လိမ့်မယ်။ သူဌေးက မကျေနပ်ရင် ချက်ချင်း ဖြုတ်ပစ် တာ"

ရာဘာပင် ကြားထဲတွင် ကော်ဖီပင်များ စိုက်ပျိုးထားသဖြင့် ကော်ဖီ ပင်ကြား မြက်နုလေးများ ထွက်လာသောကြောင့် မြက်ပင်များ နုတ်နေ သည့် ကောင်မလေးကို ဦးလှမောင်က လှမ်းမာန် လိုက်သည် ။

သူ့အား ရာဘာပုံး သယ်သည့် ဘက်မှာ ထားထားသဖြင့် မကျေမနပ် ဖြစ်ကာ မင်းထက်စွမ်း ကြားအောင် တမင် အော်လိုက်ခြင်းဖြစ်သည် ။

မန်နေဂျာနှင့် မင်းထက်စွမ်းက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးလိုက်ရင်းက ခွင့်လွှတ် ထားလိုက်ကြ၏။

ထို့နောက် ကော်ဖီပင်ကြားမှ ထွက်လာသော ကောင်မလေးနှင့် ဗြုန်း ခနဲ မျက်နှာချင်းဆိုင် တွေ့သောအခါ သူတို့ နှစ်ဦးစလုံး အံ့အားသင့်သွား ၏။

"ဩော်... မစိမ်း မင်းအလုပ်ဝင်ပြီလား"

"ဟုတ်ကဲ့"

မန်နေဂျာ နှုတ်ဆက် လိုက်သောအခါ တိုးဖွဖွလေး ပြန်နှုတ်ဆက် လိုက်၏။ မျက်လွှာလေးချ၍ မဝံ့မရဲလေး ဖြစ်သွားသော မိန်းကလေးကို သူမြင်ဖူးသလိုလို ရှိ၍ ကြည့်မိသည် ။

"အေး... အေး... ဖြည်းဖြည်းလုပ်ပါ ရပါတယ်။ နေကောင်းတယ် မ

ဟုတ်လား"

"ဟုတ်ကဲ့"

သူတို့ နှစ်ဦး ဆက်လျှောက်သွားစဉ် မင်းထက်စွမ်း စိတ်ထဲတွင် ထိုမိန်းကလေးအား မြင်ဖူး သလိုလိုတော့ ရှိနေမိသဖြင့် အနည်းငယ် စဉ်းစားလိုက်၏။

"ကော်ဖီပင်တွေကြားထဲ ပေါင်းထနေလို့ ပေါင်းလိုက်ခိုင်းရတယ်။ ဒီကောင်မလေးက စေ့စပ်တယ်၊ သေသေသပ်သပ် ရှိတယ်၊ အကြမ်းအတမ်းဆို သိပ်မရလို့ ကော်ဖီခူးနဲ့ ပေါင်းလိုက်ပဲ တာဝန် ပေးရတယ်။ ကဲ... ဆရာ နေမြင့်နေပြီ ကျွန်တော်တို့ ပြန်ကြရအောင်"

မင်းထက်စွမ်းက ခေါင်းမှာ ပေါင်းထားသော တဘက်လေးကို ထုတ်ကာ နေလောင်ထား၍ အနည်းငယ် ရဲနေသော မျက်နှာမှ ချွေးများကို သုတ်လိုက်သော ကောင်မလေးအား တစ်ချက် ငဲ့ကြည့်လိုက်စဉ်... ကောင်မလေးက ခိုးကြည့်သော မျက်လုံးများ ဖြင့် ရင်ဆိုင်မိသွား၏။

"သိပြီ ဒီအကြည့် ဒီမျက်လုံးနှင့် မဝံ့မရဲ ကြောက်အားလန့်အားနှင့် မိမိကြည့်အားဖူးသူ ကောင်မလေး။ မြင်းများကြားမှာ မောင်ဦးနှင့် အတူတူ ရှိနေတတ်သော ကောင်မလေး။

"မင်းသွားနှင့် လိုက် ကိုယ်ဟိုဘက်နားမှာ ခဏ သွားကြည့်ဦးမယ်"

"ဟုတ်ကဲ့"

သူ့ခြေလှမ်းများက စောစောက ရာဘာပင်တန်းများ ကြားသို့ ပြန်ဦးတည် လာလေသည် ။

ကောင်မလေး ဘယ်ရောက် သွားသလဲ။ မောင်ဦးရဲ့ ကောင်မလေး... သေချာတယ်။ မောင်ဦးနဲ့ လက်ထပ်လိုက်ပြီး မောင်ဦး ဘယ်ရောက်သွား

တာလဲ။

ကောင်မလေးက သူ့မြင်တော့ ခပ်သုတ်သုတ်လေး လျှောက်ကာ ရာဘာပင်နှင့် ကော်ဖီပင်များ ကြားထဲ တိုးဝင်သွားတော့သည် ။

"ဟေ့... နေပါဦးကွ"

နေပြောက် မထိုးအောင် အေးမြလှသော ရာဘာပင်တန်း များ ကြားမှာ ကောင်မလေး ပျောက်ကွယ်သွား သဖြင့် သူက အသံပေးပြီး လှမ်းခေါ်လိုက်သည် ။

သို့ရာတွင် အရိပ်အယောင်တောင် မတွေ့ရတော့သဖြင့် မကျေမနပ် နှင့် ထပ်မံ၍ ရှာဖွေလိုက် သည် ။

"ဒီကောင်မလေး သူ့ယောက်ျားကိုခေါ်မှာ ကြောက်လို့ ထင်တယ်။ ငါ့ကိုရှောင်နေတာ"

ပါးစပ်မှ မကျေမနပ်နှင့် တတွတ်တွတ် ရေရွတ်ရင်း ရာဘာပင်များ နှင့် ကော်ဖီပင်များ ကြားမှာ လိုက်လံရှာဖွေနေမိ၏။

"ဘယ်သူ... ဒီကောင်မလေးနာမည်က မစမ်းစိမ့်၊ မစမ်းစိမ့် ဟုတ်ပြီ မစမ်းစိမ့် စမ်းစိမ့်ရေ"

"ဦး... ဘယ်သူ့ကို ခေါ်တာလဲ"

ရုတ်တရက် သူနှင့် အနီးကပ်၍ အသံထွက်လာသဖြင့် လန့်သွား၏။

ကော်ဖီပင် တစ်ဖက်တန်းမှ မျက်နှာဝင်းဝင်းလေး ပေါ်ထွက်လာသောအခါ သူ့ရင်ထဲ အေးသွား၏။

ရှာဖွေနေသူကို တွေ့လိုက်ရသဖြင့် ကျေနပ်ကာ...

"ညည်းကိုလေ ညည်းနာမည် မစမ်းစိမ့် မဟုတ်လား"

"ရှက်စိမ်းနုလို့ မိဘက ပေးထားတာပဲ အခုတော့ မစမ်းစိမ့်ပဲ ဖြစ်နေရတာပေ့ါ"

ကောင်မလေးက ပြုံး၍ ပြောလိုက်သောအခါ သူက ခေါင်းညိတ်ရင်း ...

"ညည်း အိမ်ထောင်ကျပြီ မဟုတ်လား ငါ့ကိုဘာလို့ မပြောဘဲ ထွက်သွားကြတာလဲ။ ငါ မောင်ဦးကို တွေ့ချင်တယ် မနက်ဖြန်ခေါ်လာခဲ့"

သူသိချင်သော အကြောင်း လိုချင်သော အကြောင်းကို ဝုန်းဝုန်းဒိုင်းဒိုင်း ပြောချလိုက်၏။

"မောင်ဦးကို ကျွန်မမသိဘူး"

"ဟေ"

ရုတ်တရက် အံ့အားသင့်သွား၏။ လူများ မှားသွားလားဟု ထပ်မံ၍ သေချာစေရန် စူးစိုက် ကြည့်မိသည် ။

"အမယ်... မင်းပါပဲဟာ ငါမှတ်မိပါတယ်။ မောင်ဦးနဲ့ မြင်းတင်းကုပ်မှာ တွေ့တာ နှစ်ခါလား"

"သူနဲ့ ကျွန်မနဲ့ ဘာမှ မပတ်သက်တော့ဘူး"

သူ့စကားမဆုံးမီ စိတ်တိုသံနှင့် ပြတ်ပြတ် ပြောလိုက်သော ကောင်မလေး စကားကြောင့် အလွန် အံ့အားသင့်သွား၏။

ပြီးမှ သဘောပေါက် သွားဟန်ဖြင့် ပြုံးလိုက်ရင်း...

"ဒါဆို ဒီကောင် မောင်ဦး လက်ထပ်လိုက်တာ မင်း မဟုတ်ဘူး ကိုး။ ဆောရီးကွာ... ငါ့က မင်းမှတ်လို့ "

"လူမဆန်တဲ့ ကောင် သစ္စာမရှိတဲ့ လူ"

"ကဲ… တော်ပါတော့ကွာ။ မင်းမဟုတ်လည်း ပြီးရောပေ့ါ။ ငါက မောင်ဦးကို ငဲ့ညှာပြန်လုပ်ဖို့ ပြောမလို့ ပါ"

"သူက မိန်းမတွေအပေါ်မှာ ရော အလုပ်ရှင် အပေါ်မှာ ပါ ဘယ်တုံးကမှ သစ္စာမရှိဘူး။ ဦး သင်ပေးတဲ့ အတတ်ပညာတွေနဲ့ တခြားမှာ လုပ်နေပြီလေ။ ကျွန်မ သူ့ကို သိပ်မုန်းတာပဲ။ ဦး… ဒီလမ်းက လာပါ၊ ဦး လမ်းမှားနေပြီ"

"ဩော်…အေး"

ကောင်မလေးက ပိတ်ပြောလိုက်သဖြင့် သူ ဘာမှ ဆက်မမေးတော့ဘဲ ကောင်မလေး ညွှန်ပြရာ လမ်းအတိုင်း ထွက်လာခဲ့၏။

စောစောက ကောင်မလေးကို ရှာနေရ၍ လမ်းကို သိပ်မမှတ်မိတော့ပေ။

"မင်း ကျန်းမာရေး ကောင်းသွားပြီလား"

"ကျွန်မ နေကောင်းပါတယ်"

"စောစောက မန်နေဂျာ မေးလိုက်လို့ မောင်ဦး ထွက်သွားတော့ မြင်းစောင်းက ကသောင်းကနင်း ဖြစ်နေတော့ ငါက…"

"ကျွန်မကို အဲဒီလူအကြောင်း မပြောပါနဲ့ တော့ရှင်။ ဦး ဒီလမ်းအတိုင်းသာ သွားပါ။ မန်နေဂျာ ရုံးခန်းကို လှမ်းမြင်နေရပါပြီ။ ကျွန်မ သွားတော့မယ်နော်"

ပြတ်ပြတ်သားသား ငြင်းလိုက်ပြီး လှည့်ထွက်သွားသော ကောင်မလေး၏ နောက်ကျောကို ငေးမော၍ ကြည့်နေမိသည် ။

နုနယ်ပျိုမျစ်သော ရုပ်အသွင်နှင့် လှုပ်ရှား ဟန်လေးတို့ မှာ မြူးကြွ

သွက်လက်လျက် ရှိသည် ။

မောင်ဦးနှင့် အတူ မြင်းများ ထားရာ ကုန်းမြင့်ပေါ်သို့ လက်တွဲ၍ ပြေးတက် ပြေးဆင်း လုပ်ပြီး ချစ်ရည်လူးခဲ့ကြ ပျော်ရွှင်ကြည်နူး ခဲ့ကြရာမှ ယခု အသံပင် မကြားချင်လောက်အောင် မုန်းတီး နေလေပြီ။

ဒါဟာလည်း လောကကြီးမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းတစ်ခုပါပဲ။ ချစ်ပြီးရင် မုန်းမယ်၊ သိပ်ချစ်ကြရင် အမုန်းတရားက ပိုပြီး ကြီးမားကြတာပဲ။ ခွင့်မလွှတ် နိုင်အောင်ကို မုန်းလိုက်ကြပြီပဲ။

သူလည်း ပဲ ထို့အတူပင်... နောက်ထပ်မိန်းမများကို မစဉ်းစားချင်လောက်အောင် မုန်းတီး ရွံ့ရှာ သွားမိသည် ။

"မောင်ဦးဟာ လူမဆန်တဲ့ ကောင် သစ္စာမရှိတဲ့ ကောင်တဲ့ ..."

လွန်ခဲ့သော ငါးနှစ်က သူလည်း ပဲ မေထွေးမြင့်ကို ထိုကဲ့သို့ စွပ်စွဲခဲ့ဖူးသည် ။

"အလကားမိန်းမ သစ္စာမရှိတဲ့ မိန်းမ ငွေမျက်နှာပဲ ကြည့်တဲ့ မိန်းမ"

ရင်ထဲမှာ နာနာကျင်ကျင်လေး ခံစားလိုက်ရသည် ။ လောကမှာ သူ့အား အထီးကျန် ဖြစ်စေခဲ့တာ ဟာလည်း ဒီမိန်းမတွေပါပဲလေ။ ယခု... မကြာသေးသော ရက်ပိုင်းမှာ ပင် မိန်းမများကို ပို၍ မုန်းတီးသွားခဲ့မိသည် ။

***

"ဆရာ့မြင်းလေးက ခဏခဏ ဖျားနေတာပဲ။ သူ့ကို ဂရုတစိုက်ပြုစုဖို့

စပယ်ရှယ်နာစ့် လိုပြီ ထင်တယ်ဗျာ"

"အေး"

ရွှတ်နောက်နောက် ပြောလိုက်သော ကိုမြင့်မောင်၏ စကားကြောင့် သူ့အတွေး အာရုံထဲမှ မောင်ဦးရဲ့ ကောင်မလေးကို ပြေးမြင်လိုက်သည် ။

"အင်း... မြင်းအကြောင်းကို နားလည်ပြီး သနားတတ်တဲ့ ကောင်မလေး တစ်ယောက်တော့ ရှိတယ်။ အဲဒီကောင်မလေးကို ခေါ်ရင် ကောင်းမလားကွာ"

မောင်ဦးရှိစဉ်က မြင်းတင်းကုပ်သို့ မကြာခဏလာကာ မြင်းများကို တယုတယ အစာကျွေး ပွတ်သပ် ပေးတတ်သော ထိုကောင်မလေးကို ခေါ်ရန် ဆုံးဖြတ်လိုက်၏။

"အဲဒီကောင်မလေးက မစိမ်းတဲ့ "

"မစိမ်း ဒီနာမည် မကြားဖူးပါဘူး"

မြင့်မောင်က တွေတွေလေး ဖြစ်သွား၏။

"မန်နေဂျာ သိတယ်ကွာ။ သူ့ကို ခေါ်ခိုင်းလိုက်ပါ"

"ဟုတ်ကဲ့"

"အခုခေါ်လာခဲ့ ငါဒီမှာ စောင့်နေမယ်"

မြင့်မောင်ကို သွားခိုင်းပြီး သူက မြင်းတင်းကုပ်မှာ ထိုင်၍ စောင့်နေလိုက်သည် ။

သူ့အိမ်နှင့် မြင်းတင်းကုပ်မှာ ကုန်းတစ်ခုစီမို့ သူပိုင်ဆိုင်သော ရာဘာတောနှင့် ကော်ဖီပင် တန်းများကို လှမ်းမြင်နေရသည် ။

လေတဟူးဟူးနှင့် မို့ လေကောင်း လေသန့်ရပြီး အနံ့အသက် သက်

သာကာ မြင်းများ ကျန်းမာရေး ကောင်းစေရန် ရည်ရွယ်ပြီး ကုန်းမြင့်မှ မြင်းတင်းကုပ်ကို ဆောက်ထားခြင်း ဖြစ်သည် ။

အခု သူအလွန်သနား၍ ချစ်သော ဖြူဖွေးလေးမှာ မကြာခဏ ဖျားရတယ်လို့ ။

သူသည် အဝေးဆီမှ ရှမ်းတောင်တန်း ကြီးများ ဖြင့် သူ၏ ရာဘာတောများ သို့ ငေးမျှော် ကြည့်ရင်း ဘယ်မှာ နားခိုရမှန်း မသိသည့် အရွယ်လေး၏ တွယ်ရာမဲ့ဘဝကို စဉ်းစား မိလိုက်သည့် အခါတိုင်း အသည်း ဆတ်ဆတ်ခါ နာကျင်သွားမိသည် ။

မိမရှိ ဖမရှိ အစွန့်ပစ်ခံ ဘဝနှင့် မွေးစား မိဘများကို မှီခိုခဲ့ရသည့် ဘဝမှာ ချမ်းသာ ကြွယ်ဝစွာ နေခဲ့ပါသော်လည်း ...

ချစ်ခြင်း မေတ္တာများ ကင်းမဲ့လျက် စွန့်ပစ်ခံဘဝသို့ ရောက်ရှိနေသည့် ကံဇာတာမှာ မလွတ်မြောက် နိုင်သေးပေ။

ပထမဦးဆုံး မိဘနှစ်ဦး၏ စွန့်ပစ်ခံ ကလေးဘဝ။

ဒုတိယအကြိမ် ဇနီးမယားက လူ့လောကမှာ ထားရစ်ခဲ့သည် ။ မနန်းမွှေးက မိဘ ပေးစား၍ ယူရပြီး ရောဂါသည် ဖြစ်နေ၍ သားသမီးမရဘဲ သုံးနှစ် ပေါင်းသင်းပြီး ဆုံးသွားရှာသည် ။ သိပ် မခံစားမိခဲ့။

မနန်းမွှေးဆုံးပြီး သိပ်မကြာ လေးငါးရှစ်လနှင့် ဒုတိယအိမ်ထောင်ပြုခဲ့သည် ။ မနန်းမွှေး မဆုံးမီကပင် သူမကို သဘောကျခဲ့ ဖူးသည် ။

မေထွေးမြင့်... ရင်ထဲမှာ နှစ်နှစ်ကာကာ ချစ်ခဲ့ပြီး တစ်ခါမှ မချစ်ဖူးသော အချစ်ဖြင့် ချစ်ခဲ့မိ သည် ။

အသည်းနှလုံးရော စည်းစိမ် ချမ်းသာပါ ပုံပေးထားပါ လျက်နှင့် ပျောက်ဆုံးနေသော ချစ်သူ ဟောင်းနှင့် တိတ်တခိုး ပြန်ဆက်သွယ် ခဲ့သ

ဖြင့် ကွာရှင်းခဲ့ရသည် ။ မေထွေးမြင့်နှင့် ငါးနှစ်တာ ပေါင်းသင်း ခဲ့ရသည် ။ သားသမီး မရခဲ့ပေ။

တကယ်လို့ များ သားသမီးရှိနေလျှင် သူသည် မေထွေးမြင့်ကို စွန့်လွှတ်ခဲ့မည် မဟုတ်။

မိန်းမများကို စိတ်နာနေပြီး နောက်ခြောက်နှစ်ကြာမှ မျိုးဆက်သစ်အတွက် အများ တိုက်တွန်း၍ အိမ်ထောင်ပြုရန် ကြံရွယ်ခဲ့သည် ။ ခုမြင်ခုကြိုက် ယူမိ၍ မေထွေးမြင့်နှင့် ပင် သင်ခန်းစာ ရကာ နွယ်နီခိုင်ကို တစ်နှစ်လုံးလုံး လေ့လာလျက် နှစ်ဦးသဘောတူ လက်ထပ်ရန် စီစဉ်ကြပြီး ချစ်သူ ဖြစ်နေဆဲမှာ ချစ်သူများ ခဲ့သော နွယ်နီခိုင်၏ ဆိုးတေတေ ချစ်သူကောင်ကလေး၏ နှောင့်ယှက်မှု ကြောင့် မေထွေးမြင့်လို ဖြစ်မှာစိုး၍ ချစ်လျက်ကပင် ရှောင်ရှားခဲ့သည် ။

သူ၏ ချမ်းသာ ကြွယ်ဝမှုကို မိန်းမသားများက နှစ်သက်ကြသော်လည်း သူ့ကိုမူ ဘယ်သူမှ မနှစ်သက်ခဲ့ပေ။ သူများ ရုပ်ဆိုးနေလို့လားဟု သံသယဖြစ်မိ၏။

သူ့ရုပ်က ဘာချို့ယွင်းနေလဲ။

ထို့ကြောင့် မကြည့်တာ ကြာပြီ ဖြစ်သော မှန်ကို ပြေးကြည့်လိုက်မိသည် ။

သို့ရာတွင် သူ့မျက်လုံး အစုံက မှန်ဆီ မရောက်ဘဲ ပြတင်းပေါက်မှ တစ်ဆင့် ကုန်းနိမ့်လေး ဆီမှ လူသားသုံးဦး အခြေအတင် စကားများနေသည် ကို မြင်လိုက်၏။

"ကောင်မလေး မစိမ်းနု"

ရှမ်းအင်္ကျီ လက်ရှည်ကို ဝတ်ထားပြီး ရှမ်းခမောက် ပြားလေးကိုသာ

ဆောင်းထားသော ကောင်မလေး၏ ဖိုးဖိုးဇတ်ဇတ် အမူအရာက လေတိုက်၍ လှုပ်ခတ်နေသော သစ်ရွက်လေးနှင့် တူနေသည် ။

ကောင်မလေးက ခေါင်းခါခါ လက်ခါခါနှင့် စကားပြောနေသလို မန်နေဂျာနှင့် ဦးမြင့်မောင်တို့ ကလည်း ကောင်မလေးအား အနူးအညွတ်တောင်းပန်နေသလိုပင်။

"ဒီလို ကောင်မမျိုးလေးက တော်တော် ကြီးကျယ်တာပဲလား၊ သူ့ကို တော်တော်လေးကို တောင်းပန်ပြီး ခေါ်နေရသလိုပဲ"

ရင်ထဲမှာ တီးတိုး ရေရွတ်ရင်းက သူ့ခြေလှမ်းများက သူ့အလိုလို အိမ်အောက်ထပ်သို့ ဆင်းသွားပြီး ထိုသုံးဦး ရှိရာသို့ ထွက်လာခဲ့၏။

"ကျွန်မ မောင်ဦးနဲ့ အလုပ်မလုပ်နိုင်ဘူး။ သူ့ကိုပါ ပြန်ခေါ်ရင် ကျွန်မ ဒီခြံက ထွက်သွားမယ်"

"ဟဲ့... မောင်ဦးက ဘယ်ဆီရောက်နေမှန်း မသိပါဘူးကွယ်။ အခုက သူဌေးရဲ့ မြင်းလေးကို ပြုစုဖို့ ပါ။ ကလေးပြုစုရသလို စိတ်ရှည်ရှည် ပြုစုရမှာ မို့ပါ။ နင်လိုက်ကြည့်ပါ မိန်းကလေးရာ..."

ဦးမြင့်မောင်၏ တောင်းပန်တိုးလျှိုးသံက ခြံစောင့်လေးနားသို့ ပျံ့လွင့်လာသဖြင့် သူက ဝက်သစ်ချပင်ရင်းမှာ ရပ်တန့်ကာ ကြည့်လိုက်၏။

"ကျွန်မ မြင်းတွေကိုတော့ ချစ်ပါတယ်။ သူဌေးက ကျွန်မကို တကယ်လိုလို့ လား"

"အင်းပေါ့... သူခေါ်ခိုင်းလို့ လေ"

အလိုက်မသိသော ဦးမြင့်မောင်က ပွင့်ပွင့်လင်းလင်း ပြောလိုက်သဖြင့် သူ့ရင်ထဲမှာ ရှက်စနိုး ဖြစ်ကာ ဝက်သစ်ချပင် နောက်သို့ ပုန်းကွယ်လိုက်၏။

"သူဌေးက မောင်ဦးကို သိပ်ဦးစားပေးတာ။ မောင်ဦးက သူ့ကို သူဌေးက တစ်နေ့နေ့မှာ မွေးစားမယ်လို့ ယုံကြည်ပြီး မျှော်လင့်နေတာ။ သူဌေးက ဘာမှ မပြောတော့ စိတ်ဆတ်ကျပြီး ပြန်မလာလည်း ပါမှာ ပေ့ါ"

"မဟုတ်ပါဘူး ဦးလေးရာ ကျွန်မအသိဆုံးပါ။ သူ ကျွန်မကို ရှောင်ချင်လို့ ပါ။ ကျွန်မကတော့ ဒင်းကို တွေ့တာနဲ့ ဓားနဲ့ ပြေးပိုင်းမှာ ပဲ။ သူ့လိုလူမျိုးကို သူဌေးဦးကပ်စီးက မွေးစားလိမ့်မယ် အားကြီး။ မျှော်လင့်ချက်နဲ့ အလုပ်လုပ်နေတာ မျှော်လင့်ချက် မရှိရင် ဘာမှ မလုပ်တော့ဘူးဆိုတဲ့ လူစားမျိုးပဲ။ သူဌေး လက်ထပ်တော့မယ် ကြားလို့ သူထွက်သွားတာပါ။ သူက သိပ်ရှုပ်တော့ ရှန်းမရတာ ရှိနေလို့ "

"အင်..."

သူ့နှုတ်ဖျားမှ တီးတိုး ရေရွတ်လိုက်၏။ အသံက တစ်စတစ်စနီးကပ်လာသဖြင့် သူ့ကိုယ်သူ ဝက်သစ်ချပင်မှာ ကပ်၍ မှီလိုက်ရင်း သက်ပြင်း ခိုးချမိသည် ။

"မင်းနဲ့ မောင်ဦးက လုံးဝ အဆက်အသွယ် မရှိတာတော့ သေချာတယ်နော်"

"အသေအချာပဲ ကျွန်မကို မတွေ့ရဲဘူးလေ။ ကျွန်မက ရာဘာပင်လှီးသလိုပဲ သူ့ကို လှီးပစ်မှာ "

"ဟဲ့... ကြမ်းလိုက်တာ ညည်းကို ဘယ်သူက ကြိုက်တော့မှာ လဲ။ မိန်းကလေးဆိုတာ နူးညံ့ သိမ်မွေ့ရတယ်"

"ဦးလေးရယ်... ရယ်စရာတွေ ပြောမနေနဲ့ ။ ထမင်းတစ်လုပ်အတွက် ရှာဖွေ ရုန်းကန်နေရတဲ့ မိန်းကလေးတွေက ဘယ်လိုလုပ် နူးညံ့နိုင်မှာ လဲ။ အဲ... ချမ်းသာနေရင်တော့ ဘာအလုပ်မှ မလုပ်ဘဲ အေးရာ

အေးကြောင်း ဇိမ်နဲ့ နေပြီး အလှပြင်နေရင် နူးညံ့တာပေါ့"

"အေး... ဟေး...ဟေး ညည်းပြောတော့လည်း ဟုတ်ပါရဲ့ ကွာ"

ဦးမြင့်မောင်၏ ရယ်မောသံများက မြင်းစောင်းဘက်သို့ ဦးတည်လှ ည့်သွား၏။

"မင်း အဲဒီမြင်းကို တွေ့ရင် ချစ်သွားမှာ ပါ"

အေးအေးဆေးဆေး နေတတ်သော မန်နေဂျာထံမှ စကားတစ်ခွန်း ထွက် လာလေသည် ။

"ကျွန်မ မြင်းကို ချစ်တတ်ပါတယ်။ ကျွန်မအဖေ ရှိတုန်းက မြင်းလှည်းမောင်းတော့ ကျွန်မကပဲ မြင်းတွေကို ပြုစုနေရတာ။ အခု ခဲအိုကပါ မြင်းမွေးထားတယ်။ ကျွန်မကပဲ ပြုစု ပေးရတာပေါ့"

သူ စိတ်ချလက်ချ သက်ပြင်းရှည်ကြီး ချကာ အိမ်ဘက်ဆီသို့ ပြန် ထွက်လာခဲ့၏။ သူ၏ မြင်းဖြူလေး အတွက် စိတ်အေးသွားရသည် ။

သူသည် ကောင်မလေးကို မြင်လိုက်စဉ်တွင် ရင်ထဲမှာ အပြည့်အဝနှ င့် ယုံကြည်စိတ်ချ သွားမိသည် မှာ ဘာကြောင့် များ ပါလိမ့်ဟု ဇဝေဇဝါ တွေးလိုက်မိသေးသည် ။

နောက်မှ တဖြည်းဖြည်း စဉ်းစားမိသောအခါ မောင်ဦးထံ မကြာခ ဏလာစဉ် မောင်ဦးက သူ့ကို ညာပြီး မြင်းကို ရေချိုးခိုင်း ဆေးတိုက်ခိုင်း သည် ကို သတိထားမိ လိုက်သည် ။ ထိုစဉ်က သူမကို သေသေချာချာ မ ကြည့်မိသော်လည်း မောင်ဦးကတော့ သူ့ချစ်သူကို "မစိမ်း"ဟူ၍ အမြတ် တနိုး ခေါ်ရင်းက...

"မစိမ်းလေးက သိပ်စိတ်ရှည်တာပဲ။ မြင်းတွေကို ရင်ဝယ်သားလိုပဲ တယုတယနဲ့ ပြုစုတတ်တယ်။ ပြီးတော့ ချစ်လည်း ချစ်တတ်တယ်။ ဟဲ

...ဟဲ.. ဟဲ"

မောင်ဦးသည် သူ၏ ချစ်သူအကြောင်း အမွှန်းတင်နေပါ လျက်နှင့် အဘယ်ကြောင့် စွန့်ခွာ သွားသည် ကို နားမလည်နိုင်အောင်ပင်။

သူ့မျက်လုံးများက မြင်းစောင်းလေးထံသို့ ရောက်သွားပြန်သည် ။ ဆရာဝန်ရယ်၊ မန်နေဂျာရယ်၊ ကောင်မလေးရယ်၊ ဦးမြင့်မောင်ရယ် သူ့မြင်းလေးကို ဝိုင်း၍ ဂရုစိုက်နေကြသည် ။

မကြာမီ မိမိ၏ မြင်းဖြူလေးမှာ ကျန်းမာ သန်စွမ်းသော မြင်းပေါက်ကလေး ဖြစ်လာတော့ မည်ဟု စိတ်ချလက်ချ ယုံကြည်လိုက်တော့သည် ။

သူကောင်မလေးကို ယုံကြည်နေမိသည် မှာ အဘယ်ကြောင့် ရယ် မသိ။ ကောင်မလေး၏ လှပသော မျက်လုံးများမှာ ကြင်နာမှုများ စွာကို ပေးစွမ်းနိုင်သော မျက်လုံးများ ဖြစ်ပေမည်။ မည်သို့ပင် ဖြစ်စေ သူ၏ မြင်းဖြူလေးနှင့် ပတ်သက်၍ တော့ ကောင်မလေး ရောက်လာ ကတည်းက စိတ်ချမ်းသာ သွားပြီး စိတ်ချလက်ချ နေနိုင်ခဲ့သည် ။

သို့ရာတွင် မကြာခဏ မြင်းစောင်းရှိရာ ကုန်းမို့မို့လေးထံ လှည့်ကြည့်ပြီး မြင်းဖြူလေးထက် ကောင်မလေး၏ လှုပ်ရှားမှုကို လိုက်ကြည့်နေမိသည် မှာ ဘာကြောင့် လဲ။

သြော်... ကောင်မလေးက မိမိမြင်းကိုမှ ဂရုစိုက်ရဲ့ လားလို့ လိုက်ကြည့်နေတာလား။ သံသယ ဖြစ်စရာမလိုပါဘူး ကောင်မလေးက ကောင်းကောင်း ပြုစုနိုင်မှာ ပါ။

စိတ်ချလက်ချနှင့် မြင်းစောင်းကို မသွားတော့ဘဲ ရာဘာခြံဘက်သို့ ထွက်လာခဲ့သည် ။ အလုပ် မရှိလျှင် မနေတတ်သူ ပီပီ လှည့်ပတ်ပြီး ဟို

ဟိုဒီဒီ လျှောက်ကြည့်မိ၏။ ရာဘာ ကြိတ်စက်ထဲ ဝင်ကြည့်နှင့် စိတ်မပါသော ကြည့်ခြင်းဖြင့်သာ ကြည့်လိုက်သည် ။ တကယ်တော့ ဘာမှ စိတ်မချစရာ မရှိအောင် သူ့လက်အောက်က မန်နေဂျာနှင့် ကြီးကြပ်များက တာဝန်ကျေသူများ ပင် ဖြစ်သည် ။

"ဦးသူဌေး ဘာလာရှာတာလဲရှင့်"

"ဟေ..."

ရုတ်တရက် စကားသံ ချိုချိုလေး တိုးဝင်လာသဖြင့် အံ့အားသင့်သွား၏။ ထိုအခါမှ သူ့ကိုယ်သူ သတိထားလိုက်မိရာ မြင်းစောင်း ကုန်းပေါ်သို့ ရောက်နေလေပြီ။

"မရှိမသေ ဦးသူဌေးရေ... ကျွန်မကို ရေတစ်ခွက်လောက် တိုက်ပါလား။ သူ့ကိုယ်လေး နွေးအောင်လို့ ပါ"

မြင်းလေး၏ အပေါ်ပိုင်း ခေါင်းနှင့် ကိုယ်တစ်ဝက်ကို ပွေ့ထားပြီး မြင်းအား ဂွမ်းစောင်လေး ခြုံပေးကာ တယုတယနှင့် ကလေးငယ်အား ထွေးပိုက်သလို ထွေးပွေ့ ထားသောကြောင့် မြင်းဖြူ လေးအတွက် ဝမ်းသာသွားသလို ကောင်မလေး အတွက်လည်း စိတ်ပူသွားသည် ။

"မင်းကို ရောဂါတွေ ကူးကုန်မယ်လေ"

"ဒီလောက်နုနယ်တာ ဘယ်ရောဂါမှ မရှိသေးပါဘူး။ အားနည်းပြီး အအေးမိတာပါရှင်"

သူက မြင်းစောင်းနံဘေးရှိ မြင်းထိန်းနေသော တဲအခန်းမှ ရေတစ်ခွက်ကို ခပ်ပေးလိုက်သည် ။

"ဘယ်သူမှ မရှိဘူးလား"

"ဆရာဝန်ဆီမှာ ဆေးသွားယူတယ်"

"ကြာပြီလား"

"မကြာသေးပါဘူး"

ဘာကိစ္စမှ မရှိဘဲ ဟိုလိုလို ဒီလိုလိုနှင့် မြင်းစောင်းထဲ ဝါးပက်လက်ကုလားထိုင်လေးမှာ ထိုင်လိုက်သည် ။

"ဒီမြင်းလေးက ဘယ်နေ့မှာ မွေးတာလဲ"

"စနေနေ့ ပြာသို လပြည့်နေ့ကပဲလေ"

"ဟင်… အဲဒီနေ့က နှင်းတွေ တအားကျနေတာပဲ"

"မင်းက မှတ်မိလို့ လား နှစ်လရှိသွားပြီပဲ"

"မှတ်မိပါတယ်"

ကောင်မလေး ခေါင်းမှာ ငုံ့လျှိုးသွားပြီး မြင်းဖြူလေး၏ ခေါင်းကို တယုတယလေး ပွတ်ပေးရင်းက…

"အမလေး ဆိုရင် နှင်းဖြူလို့ နာမည်ပေးရင် သိပ်လှမှာ ပဲ။ အထီးလေး ဖြစ်နေတော့ ဒီနာမည်က နုတယ်။ သိပ်မကောင်းဘူး၊ ဦးသူဌေးလည်း စဉ်းစားကြည့်လေ"

"ဦးသူဌေး… ငါ့ကို အဲဒီလို ခေါ်တာလား"

"ဟင်း"

ပြုံးစေ့စေ့နှင့် မျက်လုံး လှန်ကြည့်လိုက်သော အကြည့်က သူ့ရင်အားတော်လဲသံကြီး မြည်ဟီး တုန်ခါစေသော လျှောင်လှိုင်းတစ်ခု ဖြတ်သွားလေပြီ။

"ကျွန်မ အလုပ်ရှင်ပဲလေ။ အားလုံးခေါ်သလို ခေါ်ရမှာ ပဲ"

"မင်းခေါ်တာ တစ်လုံးပိုတယ်"

သူက ရွှင်ရွှင်မြူးမြူးလေး ပြန်ပြောလိုက်၏။

"ကျွန်မထက် အသက်အများကြီး ကြီးတာပဲ"

"မင်းအသက် ဘယ်နှနှစ်လဲ"

"နှစ်ဆယ်"

"ငါက သုံးဆယ့်ငါး အင်း... ဦးအရွယ်ပဲလေ။ မင်းကြိုက်သလိုခေါ်ပါ "

"ကျေးဇူးတင်ပါတယ် ကျွန်မ အဲဒီလိုခေါ်ရတာ အာတွေ့လို့ "

နှုတ်ခမ်းလေး တွန့်ကွေးကာ ပြုံးလိုက်သော အပြုံးမှာ အလွန်လှသည် ဟု ထင်မိသည် ။

ကောင်မလေး၏ နှုတ်ခမ်းမှာ အနည်းငယ် ထူအမ်းနေပြီး နှာတံချွန်ချွန် မျက်ခုံးထူထူနှင့် မျက်တောင်ကော့ မည်းမည်းလေးများ လှန်၍ ကြည့်လိုက်သော မျက်လုံးအကြည့်မှာ သူ့ရင်ကို တုန်ခါ မြည်ဟီးစေကာ ထူးခြားစွာ ရွှင်မြူးစေ၏။

"သူ့ကို မနက် ဘယ်အချိန်မှာ မွေးတာလဲ"

"ရှစ်နာရီကျော်ကျော် ထင်တယ်"

ကောင်မလေးမျက်နှာ တွေတွေလေး ငေးသွား၏။

"အဲဒီအချိန်က နှင်းတွေ ကျသေးတယ်၊ သူ့ကို နှင်းညီလေးလို့ နာမည်ပေးလိုက်မယ်၊ ဖြူဖွေးက မိန်းမဆန်တယ်လေ"

"ဟော… နှင်းကိုကြီးက ရှိလို့ လား"

"ရှိတယ်… သူ့အရင် စောစောမွေးတဲ့ ကလေးတစ်ယောက်ကို နှင်းကိုကြီးလို့ ပဲ နာမည် ပေးလိုက်မယ်"

"ဟေး… ဟေး… အေး… မင်းက ကြံကြံဖန်ဖန်ကွာ။ တော်တော်နောက်တဲ့ ကောင်မလေးပဲ"

သူက အားပါတရ ရယ်မောလိုက်သဖြင့် မြင်းဖြူလေးမှာ လန့်ကာ မျက်လုံးမှေးစင်းက ဖွင့်ကြည့်လိုက်၏။

ကောင်မလေးက စုတ်သပ်၍ ခေါင်းလေးကို ပွတ်သပ်ကာ ပြန်သိပ်လိုက်၏။

"ကျွတ်… ကျွတ်… ကျွတ်… ကျွတ်…"

သူကောင့်သားမှာ ဇိမ်တွေ့နေဟန်ဖြင့် မျက်လုံးလေး မှေးစင်းကာ ပြန်အိပ်ပျော်သွားသည် ။

ကောင်မလေး၏ ရင်ငွေ့နွေးနွေးမှာ အလွန်နွေးထွေး အိစက်ပြီး နှစ်လိုဖွယ် ကောင်းလိမ့် မည်ဟု သူ့အတွေးက မလိုတမာဝင်သွားပြီး သူလည်း ပဲ မြင်းဖြူလေးလို ကောင်မလေး၏ ရင်ခွင်ထဲမှာ အိပ်လိုက်ရလျှင် ဘယ်လောက် ကောင်းလိုက်မလဲ။

***

"ဟီး… ဟီး… ဟီး"

စူးစူးဝါးဝါး အော်ဟစ် ခုန်ပေါက်နေသော နှင်းညီလေးကြောင့် သူ

အံ့အားသင့်သွား၏။

နေ့လယ်စာ စားပြီး တစ်ရေးတစ်မော အိပ်မည်ဟု ကြံရွယ်ကာမှ မြင်းဖြူလေး၏ အော်သံကြောင့် ကပျာကယာ မြင်းစောင်းသို့ ပြေးလာလိုက်၏။

"ကောင်မလေးက ဘယ်သွားလို့ လဲ"

ကောင်မလေးကို မတွေ့ရသော မြင်းစောင်းမှာ ခြောက်သွေ့လျက် အကျည်းတန်လွန်း လှသည် ။

"ရွာပြန်ပြီး လစာပို့တယ်"

"သြော်..."

မနေ့က လခထုတ်ရက် ဖြစ်သည် ။ ဒီလောက် အသည်းအသန် သွားပို့ရအောင် ဘာလို့ များ အရေးကြီးနေသလဲ။

"သူ့ရွာက ဘယ်မှာ လဲ"

"မသိပါဘူးဗျာ... ညနေပြန်လာမယ် ပြောတာပဲ"

"သြော်"

ဘာကြောင့် ရယ်မသိ အော်ဟစ်နေသော မြင်းဖြူလေးကို မလိုတမာ ကြည့်ကာ သူ့ရင်ထဲမှာ လည်း အားပါးတရ အော်ဟစ် ပစ်လိုက်ချင်သည် ။ တိရစ္ဆာန်တွေကတော့ သူတို့ ရင်တွင်း ခံစားချက် များကို လွတ်လပ်စွာ ဖော်ထုတ်ကာ အော်ဟစ်ပစ်ကြသည် ။

လူတွေကရော ကလေးများ နှင့် မိန်းမများကသာ ခံစားချက်ကို ဖွင့်ဟလို့ ရကြသော်လည်း သူတို့ ယောကျ်ားတွေ ကျတော့ သိက္ခာ ဣန္ဒြေများ နှင့် ထိန်းချုပ်ထား ကြရသည် ။ အထူးသဖြင့် သူ့လို လူကြီးတစ်ဦး

အဖို့ တော့ အရာရာကို ထိန်းချုပ်နေရသည် ။

အလို... သူ ဘာကို ထိန်းချုပ်နေတာလဲ။

ဆယ့်လေးငါးရက် ကြာကြာသာ အလုပ်ဝင်ရသော မြင်းထိန်းမလေး မရှိတာနဲ့ သူ့မြင်းရော သူရော ဘာလို့ များ ယောက်ယက်ခတ် သွားရ တာလဲ။

သန့်ရှင်းသပ်ရပ် လျက်ရှိသော မြင်းကုန်းစောင်းလေးမှာ ခါတိုင်းကဲ့ သို့ စိုပြည်သာယာမှု မရှိဘဲ ဆိတ်ငြိမ်လျက် ရှိနေသည် မှာ ဘာကြောင့် လဲ။

"သူဌေး မြင်းနို့ သောက်ဦးမလား"

"မသောက်ပါဘူးကွာ။ ဒီကောင်ကိုသာ ဝအောင်တိုက်လိုက်ပါ။ အော်လိုက်တာ နားငြီး လွန်းလို့ "

စကားပြောရမှာ ပင် သိပ်စိတ်မပါချင် သလိုလို ဖြစ်လာ၏။ အလိုက် မသိသော မြင့်မောင်က စကားတွေများ နေ၏။

"သူ့သခင်မ မရှိလို့ နို့တောင် ကောင်းကောင်း မသောက်တော့ဘူး။ ခါတိုင်း ကောင်မလေးက နို့ကို ညှစ်ညှစ်ပြီးချင်း သူ့ကို တိုက်တာကိုး။ ဆရာ မသောက်ဖြစ်ရင်လည်း ခြံထဲက ကလေးတွေကို ပို့လိုက်မယ်နော် ။ စောစောကတောင် လာတောင်းသေးတယ်"

"အင်း"

"ရာသီဥတု အကူးအပြောင်းမှာ ရောဂါဝင်မှာ စိုးလို့ ကလေးတွေကို မြင်းနို့တိုက်ပေးတာ အကောင်းဆုံးလို့ လူကြီးတွေ ပြောတယ်"

အသက်သုံးဆယ် ကျော်နေပြီ ဖြစ်သော မြင့်မောင်က လူကြီးလေသံ

နှင့် ပြောလိုက် လူငယ်လေသံနှင့် ပြောလိုက် လုပ်ကာ စကားများ နေ၏
။

သူ့နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်နှင့် အဝေးမှ ရာဘာပင်တန်းများကို ငေးကြည့် နေမိသည် ။ မှုန်ပျပျ မြူခိုးများ ယှက်သန်းလျက် အဝေးတောင်ကုန်းဆီ နေကြာပန်း ဝါဝါများကို တွေ့ရ သဖြင့် တပေါင်းလ၏ သာယာလှပပုံကို သတိရမိသည် ။

ကျေးရူးရှင် မွေးစားမိဘ နှစ်ပါးက ဒီရာသီ ရောက်ပြီဆိုလျှင် လန်းဆန်း ကြည်လင်စွာဖြင့် အလှူပွဲများ ပြုလုပ်ကြ၏။ ငယ်စဉ်က သူ့အား ရှင်သုံးခါ ပြုပေးပြီး ပဉ္စင်းဝတ်ပေးသည့် နှစ်မှာ ပင် ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြသည် ။

"သားရေ... သုံးပုံတစ်ပုံကိုလှူ၊ တစ်ပုံကိုစား၊ တစ်ပုံကိုစုနော် သား။ အဲဒီလိုဆိုရင် ငါ့သား ဘယ်တော့မှ မဆင်းရဲတော့ဘူး။ တစ်မူးရှိလို့ တစ်ပဲလှူ၊ တို့ ရှမ်းတောင်သူ လှူနိုင်ရိုးလားကွယ်။ ငါတို့ လှူကြ တန်းကြတာကို ဘယ်တော့မှ မမေ့နဲ့ ။ နှစ်တိုင်းလှူ"

မွေးစားအမေက တဖွဖွ မှာ ခဲ့သောကြောင့် တပေါင်းလပြည့် ရောက်လျှင် မိဘနှစ်ပါးအတွက် အလှူ ပြုလုပ်ရ ပေဦးမည်။ အသက်နှစ်ဆယ်ပြည့်သော နှစ်မှ စ၍ သူ့သက်စေ့ ရှင်ပြုရဟန်းခံ ပေးသည် မှာ ဒီနှစ် သုံးဆယ့်ငါးပါး။

"ကလေးအမေတွေက သူတို့ ကလေးတွေကို သိပ်ဂရုမစိုက် အားကြပါဘူး။ ဒါပေမဲ့ ကလေးတွေက ကျန်းမာရေး ကောင်းတယ်။ ကျွန်တော်တို့ တောက ရေစိမ်ခံလေးတွေ ပဲဗျာ။ မြို့က ကလေးတွေဆိုရင် ခြူချာပါချာနဲ့ အမြဲရောဂါ ထူနေတာဗျ"

မြင့်မောင် ဘာတွေပြောနေသည် မသိ။ သူ့အတွေးထဲမှာ ရှင်ပြုပွဲက

ဝင်လာသဖြင့်...

"မြင့်မောင်"

"ခင်ဗျာ"

"တပေါင်းလပြည့်ဖို့ ဘယ်လောက် လိုသေးလဲ"

"ဟင်... သူဌေးကလည်း တပေါင်းလား တန်ခူးလား"

"တပေါင်းလေဗျာ"

"တပေါင်းလပြည့်ဖို့ အင်း... ဒီနေ့က ရှစ်ရက်နေ့ ဆိုတော့ နောက်တစ်ပတ်က တပေါင်း လပြည့်နေ့ပဲ"

"အာ... လပြည့်ဖို့ တစ်ပတ်ပဲ လိုတော့တယ်။ သေချာလား ခင်ဗျားမှာ ပြက္ခဒိန်ရှိလား"

ချက်ချင်း ပျာယာခတ်သွားကာ လက်မှ နာရီကို ကြည့်ပြီး မကျေမနပ်ဖြစ်ကာ...

"တပေါင်းလပြည့်နေ့တိုင်း ငါအလှူလုပ်တာလေကွာ။ ဘာလို့ မေ့ရတာလဲ ခါတိုင်း တစ်လ လောက်တည်းက ကြိုပြီး လှုပ်ရှားတယ်။ အခု... အခု ဘာလို့ မေ့ရတာလဲ"

သူ့ကိုယ်သူ မကျေမနပ် ဖြစ်ကာ ရေရွှတ်ရင်း ကိုမြင့်မောင် ယူလာပေးသော ပြက္ခဒိန်ကို ကြည့်ပြီး သူ့ကိုယ်သူ အပြစ်တင်၍ မဆုံးတော့ပေ
။

"တောင်နေကြာတွေ ပွင့်တာမြင်မှ သတိရသွားလို့ တော်သေးတာပေါ့။ အစဉ်အလာကို မပျက်အောင် နေကြာပန်းက သတိပေးလိုက်လို့ ။ မြင့်မောင်ရေ ခင်ဗျားပါ ရှင်ပြု ပဍ္ဍင်းခံပေတော့ ဒါမှ သုံးဆယ့်ငါး

ယောက် ပြည့်နိုင်မှာ နော်"

"စိတ်ချပါသူဌေးရယ်... သူဌေးအတွက် ဒါနပါရမီကို ဖြည့်ပေးနေတာ သုံးခါရှိပါပြီ။ ဒီနှစ်တော့ ဒီမြင်းစောင်းကို ရောက်နေတော့ အဆင်ပြေပါ့မလား ခုနစ်ရက်လုံးလုံး"

"ကျုပ် ဝိုင်းစောင့်ရှောက် ပါ့မယ်ဗျာ။ ဒါနမပျက်အောင်လို့ ကောင်မလေးလာရင် ရှင်ရော၊ ပဉ္စင်းရော လိုက်စုပေးပါဦး လုပ်ပါ"

"စိတ်ချပါ သူဌေးရယ်... ကောင်မလေးကတောင် သီလရှင် ဝတ်ချင်တယ် ပြောပြောနေတာ"

"ဟာ... မိန်းမတွေ မပါဘူးဗျာ"

သူ ငြင်းဆန်လိုက်ရင်းက မနှစ်က မောင်ဦး ပဉ္စင်းခံတော့ ဒီကောင်မလေးက ကွမ်းတောင် ကိုင် လုပ်တာကို မှတ်မိလိုက်သည် ။

"အင်း... တောင်ပေါ် နေကြာပန်းကို တွေ့မှ သတိရ လိုက်တော့တယ်"

"စိတ်ချပါ သူဌေးရာ။ တောင်ပေါ် နေကြာမလေး လာရင်လည်း ကျွန်တော်က သူဌေးရဲ့ ပါရမီကို ဖြည့်ဖို့ တောင်အောက်ကို ပြေးပါတော့မယ်"

"တောင်ပေါ်နေကြာ... ဘယ်သူလဲ"

"ကောင်မလေး မစိမ်းလေဗျာ။ သူက တောင်ပေါ် နေကြာလိုပဲ အကြမ်းခံတယ်။ ရဲရင့်တယ်။ ဝံ့ကြွားတယ်လေ။ သူ့ဘဝနဲ့ သူကတော့ ခေါင်းမော့ပြီး လှနေတာပဲဗျာ"

"ဟင်း"

သူ ပြုံးလိုက်ရင်း တစ်စုံတစ်ခုကို စိုးရိမ်သွား၏။ မြင်းစောင်းနှင့် အလုပ်သမား တန်းလျားက ဝေးနေသဖြင့် မြင့်မောင်မိန်းမက မကြာခဏ လိုက် လာပြီး သူ့ကိုပါ မြင်းစောင်းမှာ အလုပ်ပေးရန် ပြောဖူးသည် ။ ဩော်... ကောင်မလေးနဲ့ စိတ်မသင့်လို့ အလုပ်တောင်းတာပဲဟု အလိုလို သဘောပေါက် မိသည် ။

"မြင့်မောင်"

"ဗျာ"

"သားသမီး ရှိလား"

"ဟီး... ကျွန်တော့် သမီးက ခုမှ သုံးနှစ်ပဲ ရှိသေးတာ။ သားမမွေး သေးဘူး"

"မဟုတ်ပါဘူး... မင်းရဲ့ အခန်းက ကျယ်ရင် မင်းမိန်းမနဲ့ ကလေးကို ခေါ်ထားလို့ ရလား"

"ရ... ရပါတယ်၊ ကောင်းတာပေါ့ သူဌေးရယ်"

"အေး... အလျှူပြီးရင် ပြောင်းတာပေါ့။ ဒါပေမဲ့ သန့်သန့်ရှင်းရှင်း တော့ နေရမှာ နော့"

"ကောင်မလေးကိုရော... ကောင်မလေးက ပြန်ရတာ ဝေးသားပဲ သူ ဌေးရာ... သူ့ကောင်က လည်း တစ်ရေးနိုး သူ့ သခင်မ မရှိရင် ထအော် တာပဲ"

"နေဦး... ရှုပ်ကုန်ဦးမယ်၊ စဉ်းစားထားမယ်"

"ကောင်မလေးကို ကျွန်တော်က ကိုယ့်နှမသားချင်းလို သဘောထား ပါတယ်။ သူဌေးအိမ်က မြင်းစောင်းနဲ့ နီးနေတာပဲဗျာ။ ဒေါ်အေးတို့ နဲ့ အ

တူတူ ထားထားရင် မကောင်းဘူးလား ခင်ဗျာ"

"ဟေ... မကောင်းပါဘူး"

ရင်ထဲမှာ စူးအောင့်သွား သလိုပင် ဒေါ်အေးနှင့် အဝင်းတို့ မှာ မိမိ အိမ်၏ ဗာဟီရ ထမင်းချက် အဝတ်လျှော်သမားများ ဖြစ်သည် မို့ သူတို့ နှင့် ကောင်မလေးကို ရောမထားချင်...

"အေးပေ့ါလေ... ဒါထက် အရေးကြီးတာကို အရင် စဉ်းစားကြရ အောင်လေ။ မနက်ဖြန်ကျရင် လူစာရင်း လိုချင်တယ်ဗျာ။ မန်နေဂျာဆီ သွားလိုက်ဦးမယ်"

ချက်ချင်းပင် အလှူအတွက်ကို အမြန်ဆုံး လုပ်ရှားရန် အတွက် မန် နေဂျာထံ ပြေးရတော့ သည် ။

ဘာလို့ များ မေ့လျော့ နေပါလိမ့်။ ဘယ်တုံးကမှ မမေ့ခဲ့ဖူးသော အလှူကို သူမေ့နေခဲ့သည် ။ သူ့စိတ်အစဉ်တို့ က မြင်းဖြူလေး နှင်းညီ လေးထံ ရောက်နေသည် လား။

မနက်တစ်ခါ ညတစ်ခါ နှင်းညီလေးထံ မလာရရင် မနေနိုင်။ အခု... သူ ကပျာကယာ ထွက်လာသည့် တိုင်အောင် နှင်းညီလေးကို နှုတ်မ ဆက်မိပေ။

နောက်မှာ အော်ဟစ်ကာ ကျန်ခဲ့သည် ။

ဒါဆို... သူ နှင်းညီလေးထံ လာတာလား။ နှင်းညီလေးရဲ့ သခင်မ လေး ကောင်မလေးဆီ လာတာလား...

ရုတ်တရက်... ခေါင်းကို ခါယမ်းလိုက်၏။

မဖြစ်သင့်။ သူ ဘယ်မိန်းမကိုမှ စိတ်မဝင်စား သင့်တော့ပေ၊ အထူး

သဖြင့် သူ့ထံတွင် အလုပ်လုပ်နေကြသော အလုပ်သမားများကို ပို၍ မစဉ်းစားသင့်တော့၊ စိတ်မဝင်စားသင့်တော့ပေ။

***